DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၈၉)

# အငြင်းပွားလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

https://thitsarparami.org

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အငြင်းပွါးလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်

# အခြင်းပွါးလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၆၅-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃-ခုနှစ်၊ တပို့တွဲလဆန်း (၂) ရက်၊ ၂၀၂၂ -ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်၊ ဗုဒ္ဓဟူးနေ့၌ Online မှ ဟောကြားအပ်သော **'အငြင်းပွားလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်'** အကြောင်းတရား ဒေသနာတော်။ **စမ္ပဒါန ကုသိုလ်ရှင်** - မိဘများဖြစ်ကြသော ဦးစန်းမြင့် (ပထဝီဝင် ပါမောက္ခ-ငြိမ်း)နှင့် ဒေါ်ခင်သန်းဌေးတို့အား ရည်စူးလျက် သားသမီးမြေးတစ်စု မိသားစု။

မြတ်စွာဘုရားရဲ့ ဇာတကဒေသနာ ဆိုတာ ဘဝမှာ ကြုံတွေ့ရတဲ့ အကောင်းအဆိုးများအတွက် သင်ခန်းစာ ရစေသည့် အဆုံးအမဖြစ်တယ်။ မြတ်စွာဘုရား ဟောပြောတဲ့ ဒေသနာတော်ဟာ အမျိုးပေါင်း (၉)မျိုး ရှိတယ်လို့ မှတ်သားရတယ်။

(၁) **သုတ္တ**။ **သုတ္တ** ဆိုတာ လူ့လောကမှာ သိသင့်သိထိုက်တဲ့ ဗဟုသုတတွေကိုပေးပြီး လူတွေ လိုက်နာရမယ့် ကိုယ်ကျင့်တရားတွေ၊ စည်းမျဉ်းတွေ၊ တာဝန်ဝတ္တရားတွေကိုဖော်ပြတဲ့ ဒေသနာမျိုးဖြစ်တယ်။

(၂) **ဂေယျ**။ **ဂေယျ** ဆိုတာ စကားပြေပါတယ်၊ ကဗျာပါတယ်၊ ကဗျာနဲ့စကားပြေ။ (ပါဠိမှာ ဂါထာနဲ့ စုဏ္ဏိယ) ကဗျာနဲ့စကားပြေ နှစ်မျိုးရောပြီး ဟောပြောထားတဲ့ ဒေသနာမျိုး။ ဒါလည်းပဲ လောကရဲ့ မှတ်သားစရာ အချက်အလက်တွေကို စုဆောင်းပြီး ဟောပြောတာဖြစ်တယ်။

(၃) **ဂါထာ**။ **ဂါထာ**ဆိုတာ လုံးရေသတ်မှတ် ဖွဲ့ဆိုတဲ့ ကဗျာဖြစ်တယ်။

(၄) **ဝေယျာကရဏ**။ **ဝေယျာကရဏ** ဆိုတာ ဂါထာမပါဘူး၊ ကဗျာမပါဘူး။ စုဏ္ဏိယသက်သက်ပုံစံနဲ့

ဟောတာ။ ခမ္မစကြာမှာ **'ဣမဿိံ စ ပန ဝေယျာ-ကရဏသ္မိံ ဘညမာနေ'** ဆိုတဲ့စကားပါတယ်။ စကားပြေ ရှင်းရှင်းလေး ဟောတာကို ဝေယျာကရဏ လို့ ခေါ်တယ်။ ဟောချင်တဲ့ Point ကို ရှင်းရှင်းလေး ဟောသွားတာ။

(၅) **ဥဒါန။ ဥဒါန** ဆိုတာ ရင်တွင်းမှာ မျိုသိပ် မထားနိုင်လို့ ထွက်လာတဲ့စကား၊ ကျူးရင့်တဲ့စကား။ မြန်မာလို ဥဒါန်းကျူးတဲ့အနေနဲ့ ဟောတဲ့တရားကို ဥဒါနလို့ ခေါ်တယ်။

(၆) **ဣတိဝုတ္တက။ ဣတိဝုတ္တက** ဆိုတာ မြတ်စွာ ဘုရားက "ဒီလိုဟောခဲ့ပါတယ်" ဆိုတဲ့ စကားလုံးနဲ့ မှတ်တမ်းတင်ထားတဲ့ ဒေသနာ။ မှတ်တမ်းတင်သူ ကတော့ အမျိုးသမီးတစ်ဦးပဲ၊ ကောသမ္ဗီပြည်က ဥတေနမင်းကြီးရဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ သာမာဝတီ

ထံမှာ ဝေယျာဝစ္စ လုပ်ပေးရတဲ့ ခုဇ္ဇုတ္တရာဆိုတဲ့ အမျိုးသမီးပဲ ဖြစ်တယ်။ သူက ဉာဏ်ပညာ အင်မတန်မှ ကြီးတယ်။ မိဖုရားတွေဆိုတာ ကျောင်းကို နေ့တိုင်း သွားလို့မရဘူး၊ ဘုရင်ရဲ့ ခွင့်ပြုချက်ရမှ သွားရတယ်။ အဲဒီတော့ မိဖုရားတွေရဲ့ကိုယ်စား သူက ဘုရားကျောင်းကို နေ့တိုင်းသွား၊ ဘုရားဟောတဲ့ တရားတွေကို မှတ်သားပြီး နန်းတော်ရောက်တဲ့အခါ ပြန်ဟောရတယ်။ သူပြန်ဟောတဲ့ သုတ္တန်လေးတွေကို ဣတိဝုတ္တက လို့ ဆိုတာ။

(၇) **ဇာတက။ ဇာတက** ဆိုတာ ဘဝမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကိုဟောတဲ့ ဒေသနာတွေကို ခေါ်တယ်။ "**ဇာတံ ဘူတံ ကာယတိ တိ ဇာတကော**"။ တကယ်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို သင်ခန်းစာယူရလောက်အောင် စံပြနမူနာအနေနဲ့ ဟောတာ၊ ဇာတက။

(၈) **အဗ္ဘုတဓမ္မ။ အဗ္ဘုတဓမ္မ** ဆိုတာ ထူးထူးခြားခြား အရည်အချင်းများနှင့် အဖြစ်အပျက်များကို ဟောတဲ့ ဒေသနာ။

(၉) **ဝေဒလ္လ။ ဝေဒလ္လ** ဆိုတာ မေးတဲ့လူက မေး၊ ဖြေတဲ့လူက ဖြေ၊ အမေးအဖြေလုပ်ပြီးဟောတဲ့ တရားကို ဝေဒလ္လလို့ခေါ်တယ်။ ဝေဒ ဆိုတာ အသိဉာဏ်နဲ့ ကျေနပ်မှုကိုရပြီး ဆင့်ဆင့်ပြီး မေးသွားတဲ့ စကားတွေ၊ ဖြေသူက ဖြေလိုက်တဲ့အခါ မေးသူက အသိဉာဏ်တွေ ရပြီးတော့ ကျေနပ်မှုထပ်ထပ်ဖြစ်ပြီး မေးတယ်။ ဖြေသူက ရှင်းလင်းပြီးဖြေတယ်။ အဲဒီ အမေးအဖြေ ဒေသနာမျိုးကို ဝေဒလ္လလို့ခေါ်တယ်။ အဲဒီလို မြတ်စွာဘုရား ဟောတဲ့ တရားဒေသနာတော်တွေက ၉-မျိုးရှိတယ်။

မြတ်စွာဘုရား အဆုံးအမတရားတော်ရဲ့ အင်္ဂါ (၉)ချက် (နဝင်္ဂသတ္ထုသာသန) ဆိုပြီးတော့လည်း

သုံးကြတယ်။ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေကို အမျိုးအစားနဲ့ ခွဲလိုက်လို့ရှိရင် အဲဒီ(၉)မျိုးနဲ့ ခွဲလို့ရတယ်။ ခေါင်းစဉ် (၉)မျိုးအောက်မှာရှိတယ်။

ပိဋကတ်သုံးပုံဆိုတာလည်း အဲဒီ ၉-မျိုးထဲမှာပဲ ပါတယ်။ ပိဋကတ်သုံးပုံ ခွဲပုံက တစ်မျိုး၊ ခွဲခြားပုံချင်း မတူဘူး။ ရဟန်းတွေလိုက်နာဖို့ ချမှတ်ပညတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေကို **ဝိနယ**လို့ ခေါ်တယ်။ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး ဟောပြောတာက **သုတ္တန္တ**။ ပုဂ္ဂိုလ်သတ္တဝါမဖက် သဘာဝတရားသက်သက် တစ်ခုနဲ့တစ်ခု ဆက်နွယ်ပြီး ဘယ်လိုဖြစ်တယ်ဆိုတာကို ရှင်းပြတာက **အဘိဓမ္မ**။

THITSARPARAMI 2009

## သုတ္တန် နဲ့ အဘိဓမ္မ

တချို့ အဘိဓမ္မာသင်တဲ့ပုဂ္ဂိုလ်တွေက သုတ္တန်ကို အထင်သေး အမြင်သေးစကားတွေ ပြောတတ်ကြတယ်။ တကယ်က တရားနာလို့ ကျွတ်တမ်းရသွားစေတာ သုတ္တန်က ပိုများတယ်။ တချို့က သုတ္တန်တရားဆို ပေါ့ပေါ့လို့ အောက်မေ့ကြတယ်။ အဲဒီလို အဓိပ္ပါယ်မဟုတ်ဘူး။ မြတ်စွာဘုရားဟောတဲ့ စကားလုံးတိုင်းဟာ သစ္စာလေးပါးကို အခြေခံထားတာချည်းပဲ။ အကြောင်းနဲ့ အကျိုး ဒီနှစ်မျိုးကို အခြေခံပြီး ဟောထားတာ။ အကြောင်းရှိမှ အကျိုးဖြစ်တယ်။ ဗုဒ္ဓဘာသာရဲ့ အခြေခံတရားတော်ကို ကြည့်မယ်ဆိုရင် အကြောင်းတရားနဲ့ အကျိုးတရားကို ရှင်းပြတာပဲ။ လောကမှာ အကြောင်းမရှိဘဲဖြစ်တာ တစ်ခုမှမရှိဘူး။ ဆိုင်ရာအကြောင်းတွေ ရှိနေတာသာ ဖြစ်တယ်။ အဲဒီအကြောင်းကို မှန်မှန်

ကန်ကန်သိဖို့ အရေးကြီးတယ်။ မမှန်ကန်တဲ့ အကြောင်းတွေကလည်း အများကြီးပဲလေ။

ဥပမာမယ် ကမ္ဘာမြေကြီးဟာ ဘာကြောင့် ဖြစ်လာသလဲ? ဘာကြောင့် ကမ္ဘာမြေကြီးပေါ်မှာ တောင်ကြီးတွေက မို့မို့ကြီးတွေ ဖြစ်နေသလဲ? ဘာကြောင့် သစ်ပင်တွေက အစိမ်းရောင်တွေ ဖြစ်နေသလဲ? ဘာကြောင့် သစ်ပင်တွေ ပေါက်နေသလဲ? ဘာကြောင့် ရေတွေ ဖြစ်လာသလဲ။ ဒါအတွက် လွယ်လွယ်ပြောရင် (သို့) အဖြေမရှာနိုင်ရင် ဘုရားသခင်ဖန်ဆင်းလို့လို့ ပြောကြတယ်၊ အများစုက အဲဒီလိုယူဆကြတယ်။

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်အရ အဖြေက ဘုရားသခင် ဖန်ဆင်းတာ မဟုတ်ဘူး။ သဘာဝတရားရဲ့ ပြောင်းလဲမှုဖြစ်စဉ်အရ ဖြစ်တာ။ ရာသီဥတု အပြောင်းအလဲကြောင့် ဖြစ်တာ။ လောကမှာ သက်ရှိသတ္တဝါတွေ

https://thitsarp... ...ni.org



ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်တယ်။ သက်မဲ့တွေဖြစ်ရာမှာ ဥတုက အဓိက၊ ဥတုကြောင့် ဖြစ်တာ။ အဲဒီ ဥတုကြောင့်ဖြစ်တဲ့ အရာတွေသည် ပင်လျှင် သတ္တဝါတွေရဲ့ကံနဲ့ ဆက်စပ်မှုရှိတယ်။ **ကမ္မပစ္စယ ဥတုသမုဋ္ဌာန်၊** ကံအခြေခံတဲ့ ဥတုကြောင့် ဖြစ်တယ်။ ဥတုအနေအထား ပြောင်းလဲသွားသည့် အတွက်ကြောင့် ရေတွေ ဖြစ်လာတယ်။ ရေတွေ ခန်းသွားတယ်။ တောင်ကြီးတွေ ဖြစ်လာတယ်၊ မာတဲ့ နေရာ မာတယ်၊ ပျော့တဲ့နေရာပျော့တယ်ဆိုတာ ဒါက ရာသီဥတုကြောင့် ဖြစ်သွားတာ။

**ဥတု** ဆိုတာ တေဇောဓာတ်ကို ခေါ်တာ။ အပူ ဟာ အဓိကပဲ။ အပူလျော့သွားလို့ရှိရင် အအေးဖြစ်တာ။ အပူနဲ့ အအေးဟာ ဘယ်ဟာ အရှိတုန်းလို့ပြောရင် အပူက အရှိပဲ။ အပူလျော့ကျသွားတာကို အေးတယ်လို့

ခေါ်တာ။ ဒါ အပူနဲ့ပဲ သတ်မှတ်ပြောကြရတယ်။ အအေးနဲ့ သတ်မှတ်ပြောတာ မဟုတ်ဘူး။

အဲဒီတော့ အပူလျော့သွားရင်တစ်မျိုး၊ အပူရှိန် ပြင်းထန်လို့ရှိရင် တစ်မျိုး ဖြစ်တယ်။ အပူရှိန်ကြောင့် အရည်ပျော်သွားတာ ရှိတယ်။ အပူရှိန်ကြောင့် အခဲ ဖြစ်သွားတာ ရှိတယ်။ ကျောက်တုံး ကျောက်ခဲကြီးတွေ ဘာကြောင့် မာသွားသလဲ? အပူရှိန်ကြောင့် မာသွား တယ်။ အရည်ပျော်သွားတာ ဘာကြောင့်အရည်ပျော် လဲ? အပူရှိန်ကြောင့် အရည်ပျော်သွားတယ်။ အပူရှိန် လျော့သွားလို့ရှိရင် အရည်ဖြစ်လာတယ်။ အဲဒီပြောင်းလဲ မှုတွေကို ထိန်းချုပ်နေတဲ့ အကြောင်းတရားသည် ဥတုပဲ ဖြစ်တယ်။ ဒါက ဗုဒ္ဓရဲ့ ဟောပြောချက်အရ ဥတုသည် အကြောင်းတရားဖြစ်တယ်။ အဲဒီလို ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာ ဘုရားက ဟောတာ။

## ဇာတက ဒေသနာ

အဲဒီမှာ ဇာတကဆိုတဲ့ မြတ်စွာဘုရားဟောတဲ့ ဒေသနာတော်က လူတွေအတွက် ဘဝသင်ခန်းစာ ပေးတာ။ မြန်မာနိုင်ငံမှာ ဇာတကတွေရဲ့ လွှမ်းမိုးမှုက အင်မတန်မှများတယ်လို့ ပြောရမယ်။ ငါးရာ့ငါးဆယ် ဇာတ်ရဲ့ အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာတယ်။ မြန်မာပြည်မှာ သုံးနေတဲ့ **တက္ကသိုလ်** ဆိုတဲ့ စကားလုံး က ဇာတကတွေက ရလာတဲ့ စကားလုံး ဖြစ်တယ်။ **ပါမောက္ခ** ဆိုတဲ့စကားလုံးကလည်း ဇာတကမှ ရတဲ့ စကားလုံးပဲ။ သိပ္ပတို့ ဝိဇ္ဇာဆိုတဲ့ ပညာရပ်တွေကလည်း ဇာတကမှ ရတာပဲ။

## ဝိဇ္ဇာ နဲ့ သိပ္ပ ခွဲခြားပုံ

ဝိဇ္ဇာ နဲ့ သိပ္ပ ခွဲတယ်၊ ဝိဇ္ဇာဆိုတဲ့ အတတ်ပညာနဲ့ သိပ္ပဆိုတဲ့အတတ်ပညာ မတူကြဘူး။ ဝိဇ္ဇာ ဆိုတဲ့ အတတ်ပညာက ဆရာနဲ့တပည့်တူအောင် သင်လို့ မရဘူး။ ဘာဖြစ်လို့တုန်းဆိုရင် ဝိဇ္ဇာပညာရပ်က အင်မတန်မှ လေးနက်တော့ တပည့်က ဆရာထက် လည်း သာချင်သာသွားတယ်၊ အခြေခံအသိဉာဏ်နဲ့ ပတ်သက်တယ်။ ဥပမာ- ပန်းချီဆွဲတယ်ဆိုတာ ပန်းချီ သင်တန်းမှာ သင်လို့ရတာ၊ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး လက်ရာဆိုတာ မတူနိုင်ဘူး၊ စိတ်ကူးစိတ်သန်းတွေနဲ့ ပတ်သက်တယ်။ သိပ္ပဆိုတာက လက်တွေ့လုပ်တဲ့ အပေါ် မူတည်တယ်။ ရှေးတုန်းက လက်မှုအတတ်ကို **သိပ္ပ၊** ဗေဒင်ပညာ ဆေးပညာကို **ဝိဇ္ဇာ** လို့သုံးတယ်။ တရားမမှုနဲ့ ပတ်သက်တဲ့ အတတ်ပညာကိုလည်း ဝိဇ္ဇာလို့ပဲ သုံးတယ်။

မြတ်စွာဘုရားရဲ့ တရားတော်တွေထဲမှာ မှတ်သားဖွယ်ရာ မြောက်များစွာရှိတယ်၊ အခြေခံကျင့်စဉ်အနေနဲ့ ပတ်သက်ပြီး တကယ့်အဖြစ်အပျက်တွေကို ဟောတာ ဇာတက၊ ဘဝမှာ သင်ခန်းစာယူဖို့ ဟောခဲ့တာဖြစ်လို့ ဇာတကဒေသနာဟာ လူ့လောကအတွက် များစွာ အကျိုးပြုတယ်။ သို့သော် ဇာတက ဒေသနာက အဓိက တရားလားဆိုတော့ အဓိကတရားတော့ မဟုတ်ဘူး။ ဗုဒ္ဓရဲ့ အဓိကတရားက သစ္စာလေးပါးပဲဖြစ်တယ်။ ကျန်တာကတော့ ဘုရားမပွင့်လည်း ရှိနေတယ်။ ငါးပါး သီလ ရှိတယ်၊ ဒါန၊ သီလ၊ မိဘပြုစုတဲ့ ကုသိုလ်တွေက နဂိုကတည်းက ရှိတယ်။ စီးပွားလုပ်ပုံ လုပ်နည်းတွေ၊ ကိုယ်ကျင့်တရား ကောင်းမွန်ဖို့ လမ်းညွှန်တာတွေ ရှိတယ်။

ဘုရားပွင့်မှ ပေါ်လာတဲ့တရားက ဝိပဿနာတရားပဲ။ သမထကျင့်စဉ်တွေ၊ ဈာန်အဘိညာဉ်တွေ၊ တန်ခိုးဣဒ္ဓိပါဒ်တွေက နဂိုကတည်းက ရှိတယ်။ မြတ်စွာဘုရားက မှန်ကန်တာတွေဆိုရင် လက်ခံထားတယ်။ မှန်ကန်တဲ့အကြောင်းအရာတွေကို ငြင်းပယ်တာ မဟုတ်ဘူး။ "အားလုံးကို ပယ်ပစ်ရမှာ မဟုတ်ဘူး။ အားလုံးကို လက်ခံရမှာလည်း မဟုတ်ဘူး။ လက်ခံသင့်တာကို လက်ခံတယ်၊ ငြင်းပယ်သင့်တာကို ငြင်းပယ်တယ်။"

အဲဒီတော့ ဘုရားပွင့်မှသိရတာကတော့ ဝိပဿနာတရားပဲ။ ဝိပဿနာတရားကမှ ရင်ထဲမှာရှိတဲ့ စွဲလမ်းနေတဲ့ အစွဲအလမ်းတွေ၊ တဏှာရာဂတွေ၊ မှားယွင်းတဲ့အမြင်တွေကို ဖယ်ရှားပစ်နိုင်တာ ဖြစ်တယ်။ အဲဒီလို ဖယ်ရှားပစ်မှ မဂ်ဆိုတာ ရနိုင်တယ်၊ မဂ်ရမှ ကိလေသာ

တွေကို ဖယ်ရှားနိုင်တယ်။ ဖိုလ်ရမှ ကိလေသာတွေက လုံးဝငြိမ်းသွားပြီးတော့ အေးချမ်းမှုဆိုတာ ရနိုင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ဆိုလိုတာ။ အဲဒါ ကတော့ တကယ့် အဆင့်မြင့်တရားပဲ။

အဆင့်မြင့်တရားက လူတိုင်းအတွက်တော့ ဖြစ်ချင်မှဖြစ်မယ်။ ဘာဖြစ်လို့တုန်းဆို မြတ်စွာဘုရားက တရားဂုဏ်တော်နဲ့ ပတ်သက်ပြီးတော့ ဟောထားတဲ့ အထဲမယ် "**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**" ဆိုတာ၊ '**ဝိညူ**' ဆိုတာ သူများထက်ပိုပြီးတော့သိတယ်။ ထူးထူးခြားခြား သိတဲ့ပုဂ္ဂိုလ်တွေကို **ဝိညူ** လို့ခေါ်တာ။ '**ဝိ**' ဆိုတာ ထူးထူးခြားခြား၊ ထူးခြားထက်မြက်စွာ၊ '**ညူ**' က သိတာ။ ထူးထူးခြားခြားသိတယ်၊ မြန်မာလိုကတော့ ပညာရှိလို့ပဲ ပြန်လိုက်တယ်။ အဲဒီ ထူးခြားတဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မျိုးကိုသာလျှင် **ပစ္စတ္တံ ဝေဒိတဗ္ဗော**–ကိုယ်တွေ့

သိရှိခံစားနိုင်တယ်လို့ ဒီလိုပြောတာ။ ဒါကတော့ တကယ့် အဆင့်မြင့်တဲ့တရားပဲ၊ ဘုရား တရားတော်တွေ က အဆင့်မြင့်တဲ့တရားတွေမို့ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ပဏ္ဍိတဝေဒနီယော** – လို့ဆိုတာ **ပဏ္ဍိတ ဝေဒနီယော–** ပညာရှိတွေကသာ သိနိုင်တယ်။

ဆိုပါစို့၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူး၊ ဓမ္မ သက်သက်သာ ဖြစ်တယ်ဆိုတဲ့ ဟောပြောဆုံးမချက် တွေဟာ ငါဆိုတာ မရှိဘူး၊ ငါမရှိသည့်အတွက်ကြောင့် ငါ့ဟာဆိုတာလည်း မရှိဘူး၊ ငါမှမရှိရင် ငါ့ဟာလည်း မရှိနိုင်ဘူး။ အထင်အမြင်သက်သက်မျှသာ ဖြစ်တယ်။ ပုဂ္ဂိုလ်သတ္တဝါ, အမျိုးသား, အမျိုးသမီး, ယောက်ျား, မိန်းမဆိုတာတွေကလည်း မရှိဘူး။ အခေါ်အဝေါ် သက်သက်မျှသာ ဖြစ်တယ်၊ တကယ်အရှိက ရုပ်နဲ့ နာမ်သာ ဖြစ်တယ်ဆိုတဲ့ ဝိပဿနာတရားက မြတ်စွာ

ဘုရားပွင့်မှ သိရတာ။ **ဂမ္ဘီရော–** နက်နဲတယ်၊ နက်လို့ မထောက်မိနိုင်ဘူး။ **ဒုဒ္ဒသော–** မြင်ဖို့ခက်တယ်။ ပဋိစ္စ သမုပ္ပါဒ် နဲ့ နိဗ္ဗာန်။ ဒီတရားနှစ်ခုက အခက်ခဲဆုံး၊ အနက်နဲဆုံး တရားတွေပဲ။

## ပဋိစ္စသမုပ္ပါဒ နဲ့ ပဋိစ္စသမုပ္ပန္န

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ထပ်ချုံ့လိုက်ရင် သစ္စာလေးပါးပဲလေ။ သစ္စာလေးပါးက တစ်ခြား၊ ပဋိစ္စသမုပ္ပါဒ်က တစ်ခြား ဒီလိုတော့ မဟုတ်ဘူး၊ အခေါ်သာ ပြောင်းထားတာ။ ပဋိစ္စသမုပ္ပါဒ ဆိုတာ အကြောင်းတရား၊ အကြောင်းတရားသည် အကြောင်းတစ်ခုကို မှီပြီးတော့မှ အကျိုးကို ထုတ်လုပ်နိုင်တယ်၊ အကြောင်းတရားကို ပြောတာ၊ ပဋိစ္စသမုပ္ပန္န လို့ပြောမှ အကျိုးတရား၊ ပဋိစ္စသမုပ္ပါဒ နဲ့ ပဋိစ္စသမုပ္ပန္န ဆိုတဲ့ စကားလုံး

နှစ်လုံးရှိတယ်။ ပဋိစ္စသမုပ္ပါဒဆိုတာ အကြောင်းတရား၊ အဲဒီအကြောင်းတရားကို စကားလုံးနှစ်လုံးနဲ့ပြောတယ်၊ ပဋိစ္စရယ်, သမုပ္ပါဒရယ်။ အဓိပ္ပါယ်က အကြောင်းတရား သည်ပင်လျှင် သူ့ဟာသူ အကျိုးကို မထုတ်လုပ်နိုင်ဘူး။ တစ်ခုခုကို အမှီပြုပြီးမှ ထုတ်လုပ်နိုင်တယ်။ ဥပမာမယ် မျိုးစေ့က အပင်ပေါက်တယ်လို့ ဆိုပေမယ်လို့ အဲဒီ မျိုးစေ့က အပင်ဖြစ်စေဖို့အတွက် မြေနဲ့ရေကို အမှီပြုရဦး မယ်။ မြေ ရေ မပါရင် မျိုးစေ့လေးက အပင်ကို မထုတ် နိုင်ဘူး။ အဲဒါကို ပြောတာ **ပဋိစ္စ။** တစ်ခုခုကို အမှီပြုပြီး တော့မှ **သမုပ္ပါဒ**– ဖြစ်စေနိုင်တာ။ ဆိုပါစို့ အလင်းရောင် ကို ဖြစ်စေတယ်ဆိုတဲ့ မီးတောက်က အလင်းရောင် ပေးတယ်၊ အလင်းရောင်ကိုထုတ်တယ်။ လျှပ်စစ်မီးက လည်း အလင်းရောင်ကို ထုတ်တယ်၊ လျှပ်စစ်မီးက တစ်ခြား၊ အလင်းရောင်က တစ်ခြား ဒီလိုမှတ်သားရ

မယ်။ လျှပ်စစ်မီးကြောင့်မို့လို့ အလင်းရောင်ထွက်လာတာ။ အဲဒီလျှပ်စစ်မီးလေးက ဆိုင်ရာအကြောင်းတစ်ခုခုကို အမှီပြုပြီးမှ အလင်းကို ထုတ်ပေးလို့ရတယ်။ သူ့ဟာသူ မထုတ်နိုင်ဘူး။ ဖယောင်းတိုင်မီးလေးကလည်း ဖယောင်းဆီတို့၊ မီးစာတို့ အဲဒီနှစ်ခုပေါ်မှာ သူက ရပ်တည်တယ်။ ရပ်တည်ပြီးတော့မှ အဲဒီကနေပြီးတော့မှ သူက အလင်းကို ထုတ်ပေးနိုင်တယ်၊ အဲဒါကိုပြောတာ။ **ပဋိစ္စသမုပ္ပါဒ** ဆိုတာ အကြောင်းတစ်ခုကို အမှီပြုပြီးတော့မှ အကျိုးတရားကို ထုတ်နိုင်တဲ့ အကြောင်းတရားကို ခေါ်တယ်။ သူထုတ်တဲ့ အကျိုးတရားကျတော့ **ပဋိစ္စသမုပ္ပန္န**။

မြတ်စွာဘုရား တရားတော်မှာ first cause ဆိုတာ မရှိဘူး၊ causeless cause မရှိဘူး။ အကြောင်း မရှိတဲ့ အကြောင်းတရား ဆိုတာ မရှိဘူး။ အားလုံးမှာ

အကြောင်းတရား ရှိနေတယ်။ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ လို့ သုံးတာ။ အဲဒီတရားတွေကျတော့ နက်နဲတယ်လို့ ပြောရမယ်။

ဇာတကဒေသနာတော် ဟောပြီးတိုင်း မြတ်စွာဘုရားက သစ္စာလေးပါးနဲ့ အဆုံးသတ်တယ်။ ဇာတကဒေသနာ ဘာအတွက် ဟောတာတုန်းဆို လူတွေရဲ့ ဘဝသင်ခန်းစာနဲ့ စိတ်ဓာတ်ခွန်အားအတွက် ရှေ့ပိုင်းက လုပ်ပေးတာ။ ဒါကြောင့်မို့ ဇာတကဒေသနာတော်တွေကလည်း တစ်ခါတခါကျတော့ ဘဝအတွက်၊ နေ့စဉ်နေမှုထိုင်မှုအတွက် အင်မတန်မှ အသုံးဝင်တယ်။ ဒါကြောင့် ဒီနေ့ **အငြင်းပွားလျှင် ဆုံးရှုံးမှုနဲ့သာ ရင်ဆိုင်ရမည်** ဆိုတဲ့ သင်ခန်းစာပေးတဲ့ ဒဗ္ဗပုပ္ဖဇာတ်ကို ဟောရအောင်။

## ဒိုင်ယာလော့ဂ်

ဒီဇာတ်လမ်းကတော့ ကြားဖူးနေတဲ့ ဇာတ်လမ်းပါပဲ။ အငြင်းပွားတာကို ပါဠိလို ဝိဝါဒလို့ခေါ်တယ်။ ဝါဒ ဆိုတဲ့စကားလုံးက မြန်မာစကားလို ဖြစ်နေပါပြီ။ ဘာဝါဒ ညာဝါဒနဲ့ ဝါဒဆိုတာ ပြောဆိုစရာ၊ အပြောအဆို။ လူတွေ ဘာတွေပြောနေကြသလဲ၊ ဘာအကြောင်း ပြောသလဲ? ဘာဝါဒရှိသလဲ ဆိုတာတွေ၊ ဝါဒဆိုတာ ပေါ်လစီပဲ၊ ပြောချင်တဲ့ အချက်အလက်တွေပဲ။

ဒီမိုကရေစီဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဒါ ပြောဆိုစရာ တွေပဲ၊ သူတို့ရဲ့ ပေါ်လစီတွေကို ပြောတာပဲ။ ဝါဒ ဆိုတာတွေက အမျိုးမျိုးရှိသည့်အတွက်ကြောင့် ရှေ့က 'ဝိ' ဆိုတဲ့လေး ထည့်လိုက်တဲ့အခါကျတော့ ဝိဝါဒ။ အဲဒီစကားလုံးကျတော့ 'ဝိ'ဆိုတာ မတူတဲ့ဝါဒ ပြောဆိုမှု အယူဝါဒ ကွဲပြားမှုလို့ ဆိုလိုတယ်။ ဝိဝါဒ ဆိုတာက

လူ့လောကမှာ ဖြစ်နေကြတယ်။ ဝိဝါဒနဲ့ ပတ်သက်လာတဲ့အခါကျရင် လူတွေဟာ အချင်းများကြတယ်။ အချင်းများတော့ တရားရုံး ရောက်ကြတယ်၊ ငြင်းကြတယ်၊ ခုံကြတယ်၊ သူ့ဟာအမှန် ငါ့ဟာအမှန်။

လောကမှာ အငြင်းပွားမှုဆိုတာ အမျိုးစုံရှိတယ်။ နောက်ပိုင်းကျတော့ ဘာတွေဖြစ်တုန်းဆို ပိုင်ဆိုင်မှု အငြင်းပွားတယ်။ မြေ အငြင်းပွားမှု၊ ပိုင်ဆိုင်မှု အငြင်းပွားမှု၊ အငြင်းပွားတာတွေက နောက်ပိုင်းမှာ အများကြီးဖြစ်လာတယ်။ ဟိုတစ်ယောက်က သူပိုင်တယ် ပြောတယ်၊ ဒီတစ်ယောက်ကလည်း သူပိုင်တယ် ပြောတယ်။ တစ်ယောက်နဲ့ တစ်ယောက်က ကိုယ်ပိုင်တယ်ချည်းပဲ ပြောနေကြတယ်။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် ဒီလို ပြောဆိုမှုတွေဟာ ကွဲပြားခြားနားပြီး အငြင်းပွားလာလို့ရှိရင် နှစ်ယောက်စလုံး ဒုက္ခရောက်မယ်၊ ဒီသင်ခန်းစာ

https://thitsarp... ..ni.org



ပေးတာ၊ နှစ်ယောက်စလုံး ဆုံးရှုံးမယ်။ တရားလို တရားခံဆိုရင် တရားရုံးရောက်ရင် နှစ်ဖက်စလုံးက ပေးရတာပဲ၊ ပိုက်ဆံကုန်ပြီသာ မှတ်ပေတော့။ ဒါဆုံးရှုံးမှုပဲလေ။ ဟိုလူလည်း ကုန်ပြီသာမှတ်၊ ဒီလူလည်း ကုန်ပြီသာမှတ်။ သို့သော် လူတွေက မာနတွေတို့၊ ဒေါသတွေတို့ အဲဒါတွေကို မကျော်လွှန်နိုင်လို့ အငြင်းခုံလုပ်နေကြတာ။

ငြင်းခုံတာက ရင်ထဲမှာ ဘာတွေရှိလို့ ငြင်းခုံတာ တုန်းဆိုတာ မြတ်စွာဘုရားက **ဝိဝါဒမူလသုတ္တန်** မှာ ဟောထားတာ ရှိတယ်။ လူတွေ အငြင်းခုံဖြစ်နေတာ တခြားမဟုတ်ဘူးတဲ့။ ရင်ထဲက ဒေါသတွေ ရှိတယ်။ အညှိုးအတေးတွေ ရှိတယ်။ ပြီးတော့ လူတွေဟာ ကျေးဇူးတရားကို မသိတတ်လို့ ကျေးဇူးကန်းတာတွေ၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်ချင်တာတွေ၊ မနာလိုစိတ်တွေ၊

ကိုယ်သာ ကြီးပွားချင်တဲ့စိတ်တွေ၊ အဲဒီ စိတ်တွေကြောင့်မို့ အငြင်းပွားနေတာ။ အဓိက အငြင်းပွားရခြင်းအကြောင်းက အဲဒီ အကုသိုလ်တရားတွေပဲ။

**ဝိဝါဒမူလသုတ္တန်** မှာ ဝိဝါဒခြောက်မျိုး ဟောထားတာ ရှိတယ်။ ဝိဝါဒဖြစ်ခြင်းရဲ့အကြောင်း ခြောက်မျိုး။ ခြောက်မျိုးဆိုတာ ခုနကပြောတဲ့ မခံချင်စိတ်တွေ၊ အညှိုးအတေးတွေ၊ ကိုယ်သာလုပ်ချင်တဲ့ selfishness တွေ၊ အဲဒါတွေကြောင့်မို့လို့ လူတွေက အငြင်းပွားနေကြတာ။ အဲဒီလို အငြင်းပွားပြီ ဆိုလို့ရှိရင် အငြင်းပွားသူနှစ်ယောက်လုံးသည် အရှုံးနဲ့ပဲ ကြုံရမယ်။ ဘယ်သူမှ အမြတ်မရဘူးလို့ ဆိုလိုတယ်။ အဲဒါကို သင်ခန်းစာပေးထားတာ၊ နှစ်ယောက်စလုံး အရှုံး။ ဘယ်သူရသွားလဲဆို ကြားလူတစ်ယောက်က ရသွားတယ်။

လက်တွေ့ကျကျ ပြောမယ်ဆိုလို့ရှိရင် အငြင်းပွားရင် တရားရုံးရောက်မယ်။ တရားရုံးရောက်တော့ ဘယ်သူတွေ စားသွားကြလဲ။ ဒါတော့ ပြောစရာ မလိုပါဘူး၊ သိနေကြတာပဲ။ ဘယ်သူတွေ ရသွားလဲ? ဘယ်သူတွေ ကြွယ်ဝသွားကြတုန်း? ဘယ်သူတွေ ချမ်းသာသွားကြတုန်း? ဒီလူနှစ်ယောက်လုံးက ပေးလိုက်ရပြီလေ။ ဘယ်သူမှ အမြတ်မရဘူး၊ နှစ်ယောက်စလုံးရှုံးတယ်။ ဒီဇာတ်လမ်းက အဲဒီဟာကို သရုပ်ဖော်ထားတယ်။

ဒါကြောင့် မြတ်စွာဘုရားက ဒီဇာတ်လမ်းမှာ နိဂုံးချုပ် မိန့်မှာချက်က-

**"ဝေမေဝ မနုဿေသု ဝိဝါဒေါ ယတ္ထ ဇာယတိ"**။

လူ့လောက အသိုင်းအဝိုင်းကြီးထဲမှာ တစ်ဦးနဲ့တစ်ဦး အချင်းများပြီဆိုရင် **"ဓမ္မဋ္ဌံ ပဋိဓာဝန္တိ"**၊

တရားသူကြီးဆီ ပြေးကြရတယ်တဲ့။ အငြင်းပွားပြီဆိုရင် တရားရုံးကို ပြေးကြရတယ်၊ ဒီလိုဆိုလိုတယ်။ "**သောဟိ နေသံ ဝိနာယကော**"၊ ဘာဖြစ်လို့တုန်းဆို အမှားအမှန်ကို သူက အဆုံးအဖြတ်ပေးမှာမို့ သူ့ဆီ ပြေးကြရတယ်တဲ့။

အဲဒီပြေးတဲ့အခါ ဘာဖြစ်လို့တုန်းဆို အဲဒီကျရင် ပိုက်ဆံကုန်ကြပြီတဲ့။ တရားသူကြီး ပေးရမယ်၊ ရှေ့နေ ပေးရမယ်၊ ရဲ ပေးရမယ်၊ ပေးစရာတွေ အများကြီး ဖြစ်လာပြီ၊ ဟိုပေး ဒီပေးနဲ့။ တရားလိုကလည်း ပေး၊ တရားခံကလည်း ပေး။ "**ခနာပိ တတ္ထ ဓိယန္တိ**" အဲဒီ တရားရုံးရောက်ပြီဆိုရင် ပိုက်ဆံကုန်ပြီသာ မှတ်ပေတော့။

**ရာဇကောသော ပဝဍ္ဍတိ၊** ဘုရင်ကတော့ ဝင်ငွေတွေ ကောင်းသွားပြီ။ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရတွေက

ဝင်ငွေရသွားပြီ။ တရားရုံးက အခွန်တွေ ရလိုက်ပြီလို့ ဆိုလိုတယ်။ တရားရင်ဆိုင်သူနှစ်ယောက်ကတော့ အရှုံး နဲ့ပဲ ရင်ဆိုင်ရတယ်။ အဲဒါကိုပြောတာ၊ အငြင်းပွားလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်။ သို့သော် မရင်ဆိုင်ကြ ဘူးလားဆိုတော့ ရင်ဆိုင်တာပဲ၊ အမှုတွေကို အများကြီး ပဲ၊ နေ့စဉ်နှင့်အမျှ အမှုတွေ၊ အလျှော့ပေးကြလား ဆိုတော့ မလျှော့ဘူး။ ကုန်ချင်တာကုန်ရော။ လူ့ လောကက အဲဒီလိုဖြစ်နေသည့်အကြောင်းကို မြတ်စွာ ဘုရားက ဒီတရားတော်ကို သင်ခန်းစာပေးတဲ့အနေနဲ့ ဟောတယ်။

ဇာတ်ရဲ့ အမည်ကတော့ **ဒဗ္ဘပုပ္ဖဇာတက**။ ဒဗ္ဘပုပ္ဖ ဆိုတာ မြေခွေးတစ်ကောင်ရဲ့အမည်၊ ဒီဇာတ်လမ်းမှာ အတိတ်ဇာတ်လမ်းကို ပြောမယ်ဆိုရင် ရှေးတုန်းက မြစ်ကမ်းခြေတစ်ခုမှာ မြတ်စွာဘုရားက အဲဒီတုန်းက

သူကိုယ်တိုင် မြစ်ကမ်းခြေက သစ်ပင်တစ်ပင်မှာ ရုက္ခစိုး ဖြစ်ခဲ့တယ်တဲ့။

အဲဒီတုန်းက တောအုပ်ထဲမှာ မြေခွေးဖိုနဲ့ မြေခွေးမ နှစ်ကောင်နေကြတယ်။ သူတို့နေတဲ့တောအုပ်က မြစ်ကမ်းခြေ တစ်နေရာမှာဖြစ်တယ်။ အဲဒီ မြေခွေး နှစ်ကောင်ဟာ မြစ်ကမ်းခြေမှာ လှည့်လည်ပြီးတော့ အစာရှာကြတယ်။ တစ်နေ့မှာ မြေခွေးမက မြေခွေး ထီးကို ပြောတယ်။ "ငါးကြင်းသား စားချင်လိုက်တာ" သူတို့ကလည်း ကမ်းခြေမှာနေတယ်ဆိုတော့ ငါးသား ခဏခဏ စားရပုံရတယ်၊ ရေထဲကငါး ဆိုတာလည်း တစ်ခါတလေ ခုန်တက်ပြီး ကုန်းပေါ်ရောက်ချင် ရောက်လာတာလေ။ အဲဒီတော့ ကမ်းစပ်မှာ သူတို့က ငါးသား ခဏခဏ စားရတော့ ငါးကြင်းသားကို စားချင် တယ်လို့ ပြောတယ်။ မြေခွေးဖိုက "အေးအေးဆေးဆေး

နေ၊ ငါရအောင် ရှာမယ်" ဆိုပြီးတော့ မြစ်ကမ်းခြေ တစ်လျှောက် လှည့်လည်တယ်။ တစ်နေရာရောက်တဲ့ အခါ သဲသောင်ပြင်ပေါ်မှာ ဖျံနှစ်ကောင်နဲ့တွေ့တယ်။ ဖျံတစ်ကောင်က ရေနက်ထဲ ကျက်စားပြီး ကျန်တဲ့ ဖျံ တစ်ကောင်ကတော့ ရေတိမ်ကမ်းစပ်မှာ ကျက်စား တယ်။ ရေနက်ထဲ ကျက်စားတဲ့ဖျံကို ဂမ္ဘီရစာရီ လို့ ခေါ်တယ်။ ရေတိမ်ကမ်းစပ်မှာ ကျက်စားတဲ့ဖျံကိုတော့ အနုတီရစာရီ လို့ နာမည်ပေးထားတယ်။

ရေနက်ထဲမှာ ကျက်စားတဲ့ဖျံက ရေထဲ ထိုးဆင်း လိုက်တဲ့အခါ ငါးကြင်းကြီးတစ်ကောင်ကို ဖမ်းမိတယ်။ ငါးကြင်းက ကြီးတဲ့အခါ သူတစ်ကောင်တည်း မနိုင်ဘူး။ ငါးကြင်းက ရေနက်ထဲကို ဆွဲသွားတယ်၊ သူ့သူငယ်ချင်း ကို ဝိုင်းကူပါဦးလို့ လှမ်းခေါ်တယ်။ "ငါးကြင်းက ကြီးတယ်၊ ငါတစ်ယောက်တည်း မရဘူး၊ ဝိုင်းကူစမ်းပါ" တဲ့။

နှစ်ကောင်ဝိုင်းဆွဲလိုက်တဲ့အခါ သဲသောင်ပြင်ပေါ် ရောက်လာတယ်။ သောင်ပြင်မှာ ငါးကြင်းကြီး တစ်ကောင်ကို ဝေစုခွဲကြမယ်လုပ်တော့ အဝေမတည့်ကြဘူး၊ ခေါင်းပိုင်း အမြီးပိုင်း ငြင်းခုံကြတယ်။ ပထမတွေ့တဲ့ ကောင်ကလည်း "ငါအရင်တွေ့တာ။ ငါအရင် ဖမ်းတာ၊ အဲဒီတော့ ငါက ကောင်းတဲ့အပိုင်းကို ရသင့်တယ်" ဟိုကလည်း "မင်း ငါမကူလို့ရှိရင်ရမလား၊ ငါကူလို့ရတာ၊ မင်းနဲ့ငါ အတူတူလုပ်ရတာပဲ။"

လောကလူတွေက လောဘကို အကြောင်းပြုပြီး ငြင်းခုံပြောဆိုလေ့ ရှိကြတယ်။ ကိုယ်ရဖို့အတွက် အခွင့်အရေးကို တစ်ပြားသားမှ မလျှော့ချင်ကြဘူး။ ငါးကြင်းမှာ အကောင်းဆုံး အဆီရှိတဲ့နေရာကို လိုချင်ကြတယ်။ ခေါင်းကိုတော့ ဘယ်သူမှ မလိုချင်ဘူး၊ အရိုးများတယ် ပေါ့။ အဲဒီလို အချင်းများနေကြတာ၊ ခေါင်းပိုင်း အမြီးပိုင်း

ခွဲဝေဖို့ ခက်နေတယ်။ ငါးကြင်းအနီးမှာထိုင်ပြီး ဖျံနှစ်ကောင် အဲဒီလို အချင်းများနေတဲ့အခါမှာ ကမ်းခြေကို လျှောက်လာတဲ့ မြေခွေးနဲ့ တွေ့တယ်။

မြေခွေးကိုတွေ့တဲ့အခါ ဖျံတစ်ကောင်က ပြောတယ်။ "ဒီငါးကြင်း ကျွန်ုပ်တို့မိထားတယ်။ တစ်ယောက်နဲ့ တစ်ယောက် အဝေမတည့်ဘူး၊ အချင်းများနေတယ်။ အဲဒါ အဆုံးအဖြတ်ပေးစမ်းပါ"။ **ဂမ္ဘီရစာရီ–** ရေနက်မှာကျက်စားတဲ့ဖျံက ပထမဆုံး သူတွေ့တာ၊ သူတွေ့လို့ သူဖမ်းမိတာ။ အဲဒါကြောင့်မို့ သူ အကောင်းရသင့်တယ်၊ နောက်မှကူတဲ့ **အနုတီရစာရီ** ဆိုတဲ့ ရေတိမ်ကမ်းစပ်ကျက်စားတဲ့ဖျံကလည်း သူမကူရင် ဒီငါးလွတ်သွားမှာ၊ သူကူလို့ရတာ။ အဲဒီတော့ သူလည်း အကောင်းရသင့်တယ်။

**“ဝိဝါဒေ ဒေါ သမုပ္ပန္နေ, ဒွေပုပ္ပ သုဏောဟိ မေ”** အရှင်ဒွေပုပ္ပ၊ ကျွန်ုပ်တို့ ပြောတာကို နားထောင်ပါ။ ကျွန်ုပ်တို့နှစ်ယောက် အဝေမတည့်လို့ အချင်းများနေကြတယ်။

**“သမေဟိ မေဓကံ သမ္မာ, ဝိဝါဒေ ဝူပသမ္မတံ”။** ကျွန်ုပ်တို့နှစ်ယောက် အချင်းများနေတာကို ဖြေရှင်းပေးပြီး အငြင်းပွါးမှုကို ဆုံးဖြတ်ပေးပါ။

သူတို့က အားကိုးတကြီး ပြောလိုက်တဲ့အခါ မြေခွေးက ဘာပြောတုန်းဆိုရင်-

**“ဓမ္မဋ္ဌော’ ဟံ ပုရေ အာသိံ”** ငါ အရင်တုန်းက တရားရုံးမှာ အလုပ်လုပ်ခဲ့တယ်။ တရားသူကြီး ဖြစ်ခဲ့ဖူးတယ်။ **“ဗဟူ အဍ္ဍာ မေ တီရိတာ”**။ ငါ တရားတဘောင်တွေ အငြင်းပွားမှုတွေ အများကြီးဆုံးဖြတ်ခဲ့တယ်။ **“သမေမိ မေဓဂံ သမ္မာ, ဝိဝါဒေ ဝူပသမ္မတံ”**၊

မင်းတို့ အငြင်းပွားမှုကို ငါ မျှမျှတတ အဆုံးအဖြတ် ပေးနိုင်တယ်။

အဲဒီလိုပြောပြီး ဒဗ္ဗပုပ္ဖက ယခုလိုဆုံးဖြတ်တယ်၊

**"အနုတီရစာရိ နင်္ဂုဋ္ဌ၊ သီသံ ဂမ္ဘီရစာရိနော"။** ရေတိမ်ကမ်းစပ်မှာ ကျက်စားတဲ့ အနုတီရစာရီက အမြီးပိုင်းကိုယူတဲ့၊ **"သီသံ ဂမ္ဘီရစာရိနော"**။ ခေါင်းပိုင်းကိုတော့ ရေနက်ကျက်စားတဲ့ ဂမ္ဘီရစာရီ အတွက်ထား။ **"အစ္စာယံ မဇ္ဈိမော ခဏ္ဍော, ဓမ္မဋ္ဌဿ ဘဝိဿတိ"**။ ကျန်တဲ့ အလယ်ပိုင်းကတော့ တရားသူကြီးဖြစ်တဲ့ ကျွန်ုပ်အတွက်ပဲ။

တရားသူကြီး မြေခွေးက ဆုံးဖြတ်လိုက်တာ။ "မင်းက အမြီးပိုင်းယူ၊ မင်းက ခေါင်းပိုင်းယူ၊ အလယ်ပိုင်းက ငါ့အတွက်"တဲ့။ အလယ်ပိုင်းဆိုတာ အကောင်းဆုံး အသားတွေချည်းပဲလေ၊ ခေါင်း ဆိုတာလည်း အရိုးများ

တယ်။ ဘာမှ စားစရာ မရှိဘူး။ အမြီးဆိုတာလည်း စားစရာမှ မရှိတာ။ အဲဒီတော့ အလယ်သားကို သူ ယူမယ်ဆိုပြီး ငါးကို ကိုက်ဖြတ်ပြီး သုံးပုံပုံပြီး တရား ဆုံးဖြတ်ပေးလိုက်တယ်။ အဲဒီလို တရားဆုံးဖြတ်လိုက်ပြီး အလယ်ပိုင်း အကောင်းဆုံး အသားကို ကိုက်ချီပြီး ထွက်သွားလေရော။

အဲဒီမှာ ခေါင်းရတဲ့ဖျံက ခေါင်းပိုင်းကို မစားနိုင် ဘူး။ သူကလည်း အလယ်ပိုင်းလိုချင်တာ၊ အမြီးရတဲ့ ဖျံကလည်း အလယ်ပိုင်း ရချင်တာ။ နှစ်ဦးစလုံးဟာ မကောင်းတာကို ရလိုက်ကြတယ်။

သူတို့ ဘာမှမတတ်နိုင်ကြဘူး။ မြေခွေးက အလယ်သား ကိုက်ချီပြီး ယူသွားပြီ။ သူတို့နှစ်ကောင် အမြီးပိုင်းနဲ့ ခေါင်းပိုင်းကို ကြည့်ပြီးတော့ ငိုးတွားကြ တယ်။

"စိရမ္ပိ ဘက္ခော အဘာဝိဿ၊
သစေ န ဝိဝဒေမသေ"။

ငါတို့ဟာ ညီညီညာညာနဲ့ နှစ်ယောက်စလုံး ခေါင်းလည်း စား၊ အမြီးလည်း စား၊ အလယ်သားလည်း စား၊ ညီတူညီမျှ ခွဲဝေစားကြမယ်ဆိုရင် ဒို့ အကြာကြီး စားကြရမယ်။ အခုတော့ အသားများတဲ့ အလယ်ပိုင်းကို မြေခွေးက ယူသွားလေရဲ့လို့ ငြီးတွားကြသတဲ့။

အဲဒီဇာတ်လမ်းက ငါးရာ့ငါးဆယ်ဇာတ်မှာ လေးရာ မြောက်ဇာတ်အဖြစ် ဖော်ပြထားတယ်။ မြေခွေးက ပြုံးရွှင်စွာ အလယ်သားကိုက်ချီပြီး ပြန်လာတဲ့အခါ-

"ယထာပိ ရာဇာ နန္ဒေယျ,
ရဇ္ဇံ လဒ္ဓါန ခတ္တိယော၊
ဧဝါဟမဇ္ဇ နန္ဒာမိ၊
ဒိသွာ ပုဏ္ဏမုခံ ပတိံ"။

THITSARPARAMI 2009

မြွေခွေးမက မြင်ရလို့ အောင်ပွဲရလာတဲ့ မင်းစိုး ရာဇာလို ပြုံးနေတဲ့ မြွေခွေးထီးကို ကြည့်ပြီး ပြောလိုက်တယ်။

ထို့နောက် မြွေခွေးမက ဝမ်းသာအားရမေးတယ်-

**"ကထံ နု ထလဇော သန္တော,**

**ဥဒကေ မစ္ဆံ ပရာမသိ၊**

**ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊**

**ကထံ အဓိဂတံ တယာ"**။

ကုန်းပေါ်မှာ ကျက်စားတဲ့ မြွေခွေးတစ်ကောင် အနေနဲ့ ရေထဲက ငါးကြင်းသားကို ဘယ်လိုလုပ် ရအောင် ယူခဲ့သလဲ?

မြွေခွေးထီးက ရှင်းပြတယ်-

**"ဝိဝါဒေန ကိသာ ဟောန္တိ,**

**ဝိဝါဒေန ဓနက္ခယာ၊**

https://thitsarp... ...ni.org



**ဇိန္နာ ဥဒ္ဒ္ဒါ ဝိဝါဒေန,**

**ဘုဥ္ဇ မာယာဝိ ရောဟိတံ"။**

"လောကမှာ သတ္တဝါတွေဟာ တစ်ဦးနဲ့ တစ်ဦး အငြင်းပွားနေကြလို့ ဒုက္ခရောက်နေကြတာ။ အငြင်းပွားနေလို့ ငွေကြေးဓနတွေ ကုန်ဆုံးနေကြတာ။ ဖျံနှစ်ကောင်ဟာ ငြင်းနေတာနဲ့ သူတို့ရထားတဲ့ ငါးကြင်းကို ဆုံးရှုံးကြရတယ်။ မာယာဝီရေ မင်းကြိုက်သလောက်စားစမ်း၊" ငါးကြင်းသားကို ချပေးလိုက်တယ်။

လောကလူတွေဟာ ဒီအတိုင်းပဲ၊ တစ်ဦးနဲ့တစ်ဦး အဝေမတည့်လို့ တစ်ဦးနဲ့တစ်ဦးအငြင်းပွားပြီ ဆိုလို့ရှိရင် ကြားလူတစ်ယောက်ကလာပြီး အမြတ်ထုတ်သွားလေ့ရှိတယ် (သို့) အငြင်းပွားမှုကို အကြောင်းပြုပြီး တရားရုံးရောက်, တရားရုံးရောက်တော့ ကြားလူတွေက စားကြတယ်။ အဲဒီလိုနဲ့ တရားလို တရားခံ နှစ်ယောက်စလုံး

ဟာ အငြင်းပွားမှုကို အကြောင်းပြုပြီး ဘာအကျိုး အမြတ်မှမရဘဲ အရှုံးနဲ့သာ ရင်ဆိုင်ရတယ်တဲ့။

မြတ်စွာဘုရားက ဒီဇာတ်လမ်းကို ဟောကြားပြီး တော့ မှတ်ချက်ပေးတဲ့အနေနဲ့ ဩဝါဒပေးတာက-

**"ဝေမေဝ မနုဿေသု၊**

**ဝိဝါဒေါ ယတ္ထ ဇာယတိ။**

**ဓနာဝိ တတ္ထ ဇီယန္တိ၊**

**ရာဇကောသော ပဝဍ္ဎတိ"။**

လူ့လောကမှာလည်း ဒီတိုင်းပဲ၊ ဘယ်နေရာမှာပဲ အငြင်းပွားပွား၊ ဘယ်သူတွေပဲ အငြင်းပွားပွား၊ အငြင်း ပွားပြီဆိုလို့ရှိရင် တရားရုံးကို သွားကြရတယ်။ တရားရုံး ရောက်ရင်တော့ ငွေကြေးဓနတွေ ကုန်ကျပြီသာ မှတ်ပေတော့။ မင်းရဲ့ ဘဏ္ဍာကတော့ တိုးတက်သွားပြီ၊ တရားရုံးတွေကို အကြောင်းပြုပြီးတော့ ဘုရင်တွေ ဝင်ငွေကောင်းသွားပြီ။

မြတ်စွာဘုရားက ဒီဇာတ်လမ်းကို ရဟန်းတစ်ပါး အကြောင်းပြုပြီး ဟောတာဖြစ်တယ်။ အဲဒီ ရဟန်းရဲ့ ဘွဲ့က ဥပနန္ဒ တဲ့၊ သာကီဝင်မင်းသား ရဟန်းတစ်ပါးပဲ။ သူကလည်း အလွန်လည်တယ်၊ ရလိုတဲ့ မျက်စိရှိတယ်။

ဒီဇာတ်လမ်းကို ကြည့်မယ် ဆိုလို့ရှိရင် ဒီဘဝ လူလည်လုပ်တဲ့လူတွေက ဟိုဘဝကလည်း လူလည် လုပ်ခဲ့တာတွေ များတယ်။ မြန်မာစကားမှာတော့ ပြောကြတယ်။ "ဒီကောင် ဖျံကျတယ်" တဲ့။ ဒီဇာတ်လမ်း မှာ ဖျံက မြေခွေးလောက် မလည်ဘူးလို့ ပြောရမှာပဲ ဖြစ်တယ်။ စကားပုံတောင် ပြောင်းရမလို ဖြစ်နေတယ်။ ဖျံကျရင်တော့ အရှုံးနဲ့ပဲ ကြုံရမှာ။ မြေခွေးက စားသွား တာ၊ ဖျံက ရှုံးသွားတာလေ။

## ခေတ်ပေါင်းစန်း

"အဲဒီတုန်းက မြေခွေးဟာ အခု ဥပနန္ဒဆိုတဲ့ ရဟန်း ဖြစ်လာတယ်။ ဖျံနှစ်ကောင်ကတော့ အခုဘဝမှာ အသက်အရွယ်ကြီးမှ ရဟန်းဝတ်လာတဲ့ ဦးဇင်းကြီး နှစ်ပါး ဖြစ်လာတယ်။ အဲဒီတုန်းက ငါက ရုက္ခစိုးနတ် ဖြစ်ခဲ့တာ၊ သူတို့ အဖြစ်အပျက်တွေကို ငါကိုယ်တိုင် မြင်ခဲ့တယ်၊" အဲဒီလိုဟောတာ။

အဲဒီတော့ အရှင်ဥပနန္ဒ ဆိုတဲ့ ကိုယ်တော် အကြောင်း ဝိနည်းကျမ်းဂန်ထဲမှာလည်း ဖော်ပြတယ်။ သူက ဘုန်းကြီးထဲမှာ လောဘကြီးတဲ့ ဘုန်းကြီးပဲ။ "ဘုန်းကြီးလောဘ ပင်လယ်ဝ" ဆိုတာလို ဖြစ်နေတယ်။ သူလောဘကြီးတာကို အကြောင်းပြုပြီးတော့ မြတ်စွာ ဘုရားက ဟောတာကိုး။ ရှင်ဥပနန္ဒဟာ ဝါဆိုချိန်မှာ နှစ်ကျောင်း သုံးကျောင်း ယူထားလေ့ရှိတယ်။

အဲဒီခေတ်က ပုံမှန်ကျောင်းဝါဆိုတဲ့ ပုဂ္ဂိုလ်တွေကို လှူလေ့တန်းလေ့ရှိကြတယ်။ ကျောင်းမှာနေတဲ့ ပုဂ္ဂိုလ် အတွက် သီးသန့်လှူတာတွေရှိတယ်။

ရှင်ဥပနန္ဒက ကျောင်းနှစ်ကျောင်း သုံးကျောင်းကို ရယူထားလိုက်တယ်။ တစ်ကျောင်းမှာ ထီးတို့, ဖိနပ်တို့ ထားလိုက်တယ်။ လူကိုယ်တိုင် မနေဘူး။ နောက် တစ် ကျောင်းမှာ တောင်ဝှေးထားတယ်။ နောက်တစ်ကျောင်း မှာ ရေဗူးထားတယ်။ သူ့ပစ္စည်းတွေထားတဲ့ကျောင်းက သူ့ကျောင်းပဲ။ ရှေးတုန်းကတော့ သံဃိကကျောင်းပဲ ရှိတာကိုး၊ ကိုယ်တိုင်က တစ်နေရာမှာနေတယ်။

ဝါကျွတ်လို့ ဒီကျောင်းနဲ့ပတ်သက်တဲ့ အလှူအတန်း ရပြီဆိုရင် တောင်ဝှေးထားတဲ့ကျောင်းကလည်း ရှယ်ယာ ပေးရမယ်၊ ရေဗူးထားတဲ့ကျောင်းကလည်း သူ့ကို ရှယ်ယာပေးရမယ်။ ဖိနပ်,ထီးထားတဲ့ ကျောင်းကလည်း

သူ့ကို ရှယ်ယာပေးရမယ်။ အဲဒီရတဲ့ ရှယ်ယာ သင်္ကန်း၊ သပိတ်တွေကို စုယူတယ်။

မြတ်စွာဘုရားက ရဟန်းတွေကို ဟောတယ်။ "ပစ္စည်းနဲ့ ပတ်သက်ပြီး လောဘမကြီးရဘူး၊ ရှိတာနဲ့ပဲ ကျေနပ်ရမယ်။" မကျေနပ်တဲ့ ပုဂ္ဂိုလ်တွေက ဒီလို လုပ်လေ့ရှိကြတယ်။ ဝါကျွတ်ပြီဆိုရင် သင်္ကန်းတွေ သပိတ်တွေ ပရိက္ခရာတွေ အများကြီး ရသွားလေ့ ရှိတယ်။

ရှင်ဥပနန္ဒကိုမြင်တဲ့ ရဟန်းတွေက "ဘုန်းကြီး လှူချည်လား? သင်္ကန်းတွေ သပိတ်တွေ ဘယ်က ရလာ တာတုန်း" ဆိုတော့ သူက ရှင်းပြတယ်။

တစ်ခါက ရှင်ဥပနန္ဒဟာ ကျောင်းတစ်ကျောင်း ရောက်သွားတယ်။ ရောက်သွားတဲ့အခါ အဲဒီမှာ ဦးဇင်းကြီး နှစ်ပါးရှိတယ်။ လျှုထားတဲ့အဝတ်တစ်ထည်

က ဖျင်ကြမ်းကြီး၊ တစ်ထည်ကတော့ ကမ္ဗလာ ဖြစ်တယ်။ ဦးဇင်းကြီးနှစ်ပါးစလုံးက ကမ္ဗလာကိုပဲ လိုချင်ကြတာ။ ဖျင်ကြမ်းကြီးကို မလိုချင်ကြဘူး။ သူ ရထိုက်တယ်, ငါရထိုက်တယ်နဲ့ အငြင်းပွားကြတယ်။ ရှင်ဥပနန္ဒ ရောက်လာတဲ့အခါ ဦးဇင်းကြီးနှစ်ပါးက အဆုံးအဖြတ်ပေးပါလို့ တောင်းဆိုတဲ့အခါ ဦးဇင်းကြီးနှစ်ပါးအား ဖျင်ကြမ်းကိုပဲ နှစ်ပိုင်းခွဲဝေပေးလိုက်ပြီး "ဒီကမ္ဗလာကတော့ ငါနဲ့ပဲတော်ပါတယ်" ကမ္ဗလာကို ယူသွားတယ်။ အဲဒီဇာတ်လမ်း။ ဒါ တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လမ်းကနေပြီးတော့ အတိတ်တုန်းကလည်း ဒီလို လုပ်ခဲ့တယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားက ပြန်ပြီးဟောပြောတာ။

မြတ်စွာဘုရားက ဝိဝါဒဆိုတဲ့ တစ်ဦးနဲ့တစ်ဦး ငြင်းခုံမှု၊ အငြင်းပွားမှုဟာ ကောင်းကျိုးမပေးတဲ့ အကြောင်း ရဟန်းတော်တွေကို အမြဲဆုံးမတယ်။

https://thitsarp... ni.org



**"ဝိဝါဒံ ဘယတော ဒိသွာ အဝိဝါဒဉ္စ ခေမတော"**။ ဝိဝါဒဆိုတဲ့ အငြင်းပွားမှုကို ဘေးရန် အန္တရာယ်ကြီး တစ်ခုအဖြစ် ရှုမြင်ကြရမယ်။

တစ်ယောက်နဲ့ တစ်ယောက် အငြင်းပွားပြီဆိုရင် ငါတို့အတွက် အန္တရာယ်ကြီး ကြုံလာပြီ ဆိုပြီးတော့ ပြေလည်နိုင်သမျှ ပြေလည်အောင် ကြိုးစားရမယ်။ တရားရုံးကို မသွားဘဲ ကိုယ့်အချင်းချင်း ညှိကြရမယ်။ အဲဒီလို မညှိဘူးဆိုလို့ရှိရင်တော့ အရှုံးနဲ့ပဲရင်ဆိုင်ရမယ်။

**'အဝိဝါဒဉ္စ ခေမတော'**။ အငြင်းမပွားဘဲ ညှိနှိုင်းပြီး ပြေလည်အောင် ဆောင်ရွက်ခြင်းကိုတော့ တကယ့်ကို အန္တရာယ်ကင်းတဲ့အရာအဖြစ် ရှုမြင်ကြရမယ်။ **'သမဂ္ဂါ သခိလာ ဟောထ'** "ဘယ်ကိစ္စမှာဖြစ်ဖြစ် ပြေပြေပြစ်ပြစ် ဆက်ဆံပြီး ပြောကြဆိုကြဖို့၊ မိတ်ဆွေစိတ်ဓာတ်တွေ မွေးကြဖို့" မြတ်စွာဘုရားက ဟောတယ်။ **'သော**

**ဗုဒ္ဓါနုဿာသနီ** "ဒါ ငါဘုရားရဲ့ ဆုံးမသွန်သင်ချက်ပဲလို့ မြတ်စွာဘုရားက အမြဲတမ်း ဟောလေ့ရှိတယ်။

လူ့လောကမှာ လူတွေရှိနေသမျှ အငြင်းပွားမှုတွေ ရှိနေဦးမှာပဲ။ အငြင်းပွားမှုတွေ ရှိနေသမျှ ဆုံးရှုံးမှုတွေ၊ နစ်နာမှုတွေနဲ့ ကြုံနေကြရဦးမှာပဲ ဆိုတာကို မြတ်စွာဘုရားက ဘဝသင်ခန်းစာပေးတဲ့အနေနဲ့ ဒီ ဒဗ္ဗပုပ္ဖဇာတ်ကို ဟောကြားတာ ဖြစ်ပါတယ်။

ဇာတ်ကို ဟောပြီးတဲ့အခါတိုင်း အကြောင်းတရားနဲ့ အကျိုးတရားကို ရှင်းလင်းပြလေ့ရှိတယ်၊ လူတွေရ,ထားတဲ့ ဘဝခန္ဓာဆိုတာ ဒုက္ခသစ္စာပဲ၊ ရတာကိုက ဒုက္ခရ,ထားသည့်အတွက်ကြောင့် ဘဝဆိုတာ ဒုက္ခပဲ။ ဘာကြောင့် ဒုက္ခလို့ ပြောတာတုန်းဆိုတော့ ဖြစ်မှုပျက်မှုတွေရဲ့ နှိပ်စက်မှုကို ခံနေရလို့၊ နှိပ်စက်တယ်ဆိုတာ ဖြစ်ပြီးရင် ပျက်နေတာကိုက ဒါ ကိုယ့်ကိုနှိပ်စက်နေတဲ့သဘောကို

ပြောတာ။ ဘယ်အရာမှ မခိုင်မြဲဘူး။ အားလုံးဟာ ဖြစ်ပြီးရင် ပျက်သွားမှာပဲ၊ လူတွေအားလုံးဟာလည်း မွေးဖွားလာပြီးရင် သေဆုံးသွားကြရမှာဖြစ်တယ်။ ပိုက်ဆံတွေလည်း ရပြီးရင် ကုန်ကြရမှာ ဖြစ်တယ်။ အားလုံးဟာ ဘယ်အရာမှ ထာဝရဆိုတာ မရှိဘူး။ မတည်မြဲလို့ ဒုက္ခလို့ပြောတာ။ စားစရာမရှိလို့ ဒုက္ခ၊ ဝတ်စရာမရှိလို့ ဒုက္ခ၊ နေမကောင်းလို့ ဒုက္ခ၊ အဲဒီ ဒုက္ခမျိုးကိုပြောတာ မဟုတ်ဘူး။ ဘဝဟာ လုံးဝမတည်မြဲသည့်အတွက်ကြောင့် မတည်ငြိမ်တဲ့ဘဝကြီးဟာ ဒုက္ခပဲ။

အဲဒီဒုက္ခဟာ ဘာကြောင့်ရလဲဆိုရင် လိုချင်တဲ့ တဏှာသမုဒယကြောင့် ရတယ်လို့၊ **"ဥဘိန္နံ့ အပ္ပဝတ္တိ"** အဲဒီဒုက္ခနဲ့ ဒုက္ခဖြစ်ကြောင်း တဏှာ၊ ဒီနှစ်မျိုးလုံး မဖြစ်တော့အရာ နိဗ္ဗာန်ပဲ။ အဲဒီမဖြစ်ခြင်းရဲ့အကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားကတော့ ဒုက္ခချုပ်ငြိမ်းဖို့

အတွက် ဒုက္ခချုပ်ရာနိဗ္ဗာန်ကို ရောက်ကြောင်းအကျင့်ပဲ ဖြစ်တယ်လို့ အကြောင်းနဲ့အကျိုး ဆက်ပြီးတော့ ပြတယ်။

လောကမှာကြုံတွေ့ရတဲ့ ပြဿနာတွေဟာ ဘဝမှာ ကြုံတွေ့နေရတာပဲ။ ဒါ ဒုက္ခတွေပဲ။ အဲဒီ ဒုက္ခတွေ အတွက် လက်သည်ရှာလိုက်လို့ရှိရင် တဏှာကို တွေ့ရ မယ်၊ တဏှာလို့ ပြောပေမယ့် ကိလေသာနဲ့ကံ နှစ်မျိုး ပေါင်းပြီးတော့ ပြောလို့ရတယ်။ ပဋိစ္စသမုပ္ပါဒ်မှာပါတဲ့ အကြောင်းအကျိုးတရားမှန်သမျှ ဒုက္ခနဲ့ ဒုက္ခသမုဒယ တွေချည်းပဲ။ အဲဒါတွေကြောင့်ဖြစ်လာပြီး ဘဝဆိုတာ ရနေရင် ပြဿနာတွေ ကြုံနေရဦးမှာပဲ။

တစ်နည်း စကားလုံးနဲ့ပြောမယ်ဆိုရင်-

(၁) ပြဿနာရယ်၊ (၂) ပြဿနာဖြစ်ခြင်း အကြောင်းရယ်၊ (၃) ပြဿနာ ပြေငြိမ်းခြင်းရယ်၊

(၄) ပြဿနာပြေငြိမ်းတဲ့ နည်းလမ်းရယ်၊ ဒါ သစ္စာလေးပါးပဲလေ။ ဘဝက ပြဿနာ၊ တဏှာက ပြဿနာဖြစ်ခြင်းအကြောင်း၊ ပြဿနာပြေငြိမ်းတာက နိဗ္ဗာန်။ ပြဿနာပြေငြိမ်းအောင် ဖြေရှင်းတဲ့နည်းလမ်းက မဂ္ဂသစ္စာ၊ ဘယ်နေရာပဲဖြစ်ဖြစ် ဒီတိုင်းပဲ။

Problem,

The cause of problem,

Ceasation of problem,

The way leading to ceasation of problem ပေါ့။

ဒီ သစ္စာလေးပါးဟာ လောက ရှိနေသေးသမျှ ဒီအတိုင်းပဲ အမှန်ရှိမယ်။ ဒီ သစ္စာလေးပါးတရားကို နောက်ဆုံးအနေနဲ့ မြတ်စွာဘုရားက ရှင်းပြပြီးတော့ ဘဝတစ်ခုမှာ ပြဿနာတွေ မငြိမ်းသေးသမျှ၊ ဘဝ ရှိနေသမျှ ပြဿနာတွေ မငြိမ်းဘူး။ ဘဝမရှိတော့မှ ပြဿနာ

ငြိမ်းမှာဖြစ်တယ်။ အဲဒီငြိမ်းဖို့အတွက် သူ့ဟာသူတော့ ငြိမ်းမှာမဟုတ်ဘူး။ ငြိမ်းတဲ့နည်းလမ်း ရှိတယ်။ အဲဒီ နည်းလမ်းအတိုင်း လုပ်ကြလို့ ဟောကြားလိုရင်းပဲ ဖြစ်တယ်။ သစ္စာလေးပါးမှာ မဂ္ဂင်ရှစ်ပါး အကျင့်တရား ကို ကျင့်၊ ဘာကို ပယ်ရမှာတုန်းဆိုရင် တဏှာကို ပယ်၊ တဏှာကို ခေါင်းတပ်ပြောပေမယ့် ကိလေသာတွေ၊ ကံတွေ အားလုံးကို ဖယ်လိုက်တော့မှ နိရောဓ ဆိုတဲ့ လုံးဝချုပ်ငြိမ်းတဲ့ သန္တိသုခ နိဗ္ဗာန်ကို ရမှာဖြစ်တယ်။ မြတ်စွာဘုရားက အဲဒီလို သစ္စာလေးပါးနဲ့အဆုံးသတ်ပြီး တော့ လူ့လောကရဲ့ အငြင်းပွားတဲ့ပုဂ္ဂိုလ်တွေ အငြင်း ပွားရင် ဒီလိုဆုံးရှုံးမှုတွေနဲ့သာ ရင်ဆိုင်ရမယ်ဆိုတဲ့ ဘဝ သင်ခန်းစာပေးဖို့ ဟောကြားရှင်းလင်းတာ ဖြစ်ပါတယ်။

## နိဂုံး

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတရားတော်တွေဟာ အကြောင်းနဲ့ အကျိုး ညီညွတ်နိုင်းပြီးတော့ ဟောကြားတာဖြစ်လို့ မိမိတို့ ဘဝမှာ သင်ခန်းစာယူကြရမှာဖြစ်တယ်။ ဘဝပြဿနာကို ဖြေရှင်းရာ၌ မှန်ကန်တဲ့အမြင်တွေရှိပြီး မှန်ကန်တဲ့ လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်မှသာလျှင် ဖြေရှင်းမှုကို ရနိုင်တယ်ဆိုတာ ကိုယ်စီကိုယ်စီမှတ်သားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

Final edition copy by- **Htet Naing San (I-D-E)**

## *အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး စာအုပ်များ*

- *အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)*
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ *နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ*
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရုဏာ

၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသ တဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနော နာထော
၃၉။ ဇောဓျ်ုသတ် အနှစ်ချုပ်
၄၀။ ပောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘေသဋ္ဌဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဇာတ်ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မုတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍီဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ
၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စာဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ

၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်
၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ

၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး
၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုကျပုတ္တရဟာန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးများကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉှာ(ပထမတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ပထမတွဲ)
၁၅၇။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၃)
၁၅၈။ စာသင်စာချ ပြုကြသာသနာ
၁၅၉။ ဗုဒ္ဓသာသနာ၏ ဝိသေသလက္ခဏာများ
၁၆၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
၁၆၁။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၄)
၁၆၂။ မိမိကိုယ်တိုင် မိမိ၏ရန်သူ မဖြစ်ပါစေနှင့်

၁၆၃။ တိုင်းရေးပြည်ရေး မျှော်တွေးခြင်း
၁၆၄။ နှစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်း
၁၆၅။ ဘဝအတွင်းမှ အမှောင် နှင့် အလင်းများ
၁၆၆။ လူတိုင်းအတွက် အမှန်တရား
၁၆၇။ မဟာသာဝကကြီးတို့၏ စကားဝိုင်း
၁၆၈။ မိလိန္ဒပဉှာ(ဒုတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၆၉။ စိတ်စွဲလမ်းမှုကို အောင်နိုင်သူ
၁၇၀။ မိလိန္ဒပဉှာ(တတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၇၁။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၅)
၁၇၂။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ဒုတိယတွဲ)
၁၇၃။ Online ဓမ္မစာလွှာများ
၁၇၄။ ဝဋ္ဋသုတ် အနှစ်ချုပ်
၁၇၅။ အင်္ဂုလိမာလသုတ် အနှစ်ချုပ်
၁၇၆။ မောရသုတ် အနှစ်ချုပ်
၁၇၇။ ဓဇဂ္ဂသုတ် အနှစ်ချုပ်
၁၇၈။ ကိန္တိသုတ်လာ မြတ်ဗုဒ္ဓ၏ မိန့်မှာချက်များ
၁၇၉။ အာဋာနာဋိယသုတ် အနှစ်ချုပ်
၁၈၀။ ဖေဏပိဏ္ဍူပမသုတ် အနှစ်ချုပ်
၁၈၁။ ပရိတ်ကြီး(၁၁)သုတ် အနှစ်ချုပ်

၁၈၂။ ကမ္ဘာတည်သရွေ့

၁၈၃။ ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း

၁၈၄။ မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

၁၈၅။ သံသရာ နှင့် နိဗ္ဗာန်

၁၈၆။ မဟာဟတ္ထိပဒေါပမသုတ် အနှစ်ချုပ်

၁၈၇။ **Online** မှေစာလွှာများ အတွဲ(၂)

၁၈၈။ အဝိဇ္ဇာ နှင့် ဝိဇ္ဇာ

၁၈၉။ အငြင်းပွါးလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်